ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဂုတ်ကြီးကျေးရွာ

ငဖဲမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)




ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

## ဂုတ်ကြီးကျေးရွာ၊ ငဖဲမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် ၊ ဇွန်လ

# မာတိကာ


မာတိကာ

စကားချီး

ဂုတ်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဖေဖဲမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁။ နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား–မဆိုင်ရာကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၅။

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

၇။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်၍နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ)

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အထောက်အကူပြုဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု



ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းသွားလာသူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော၁၂လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊အထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ



ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း
ကိုးကားစာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခုနှစ် (၆)လဘတ်ဂျက်မှ၂၀၂၂/၂၀၂၃ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများ၊ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဇွန်လ၊၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဂုတ်ကြီးကျေးရွာ
ငဖဲမြို့နယ်

## ဂုတ်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ငဖဲမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁။နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊
(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

၇

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့်ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရအဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများ

ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

၈

## ၂။ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ဂုတ်ကြီးကျေးရွာသည်မင်းဘူး-အမ်းလမ်းဘေးတွင်တည်ရှိပါသည်။အုပ်ချုပ်ရေးဆိုင်ရာငဖဲမြို့နှင့်(၃၀)မိုင်ခန့်တွင်တည်ရှိပြီးဆက်သွယ်သွားလာရအနည်းငယ်ခက်ခဲပါသည်။တောင်ပေါ်ဒေသတွင်တည်ရှိပြီးကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာဉယျာဉ်ခြံစိုက်ပျိုးရေးလုပ်ပြီးအဓိကစိုက်ပျိုးသောသီးနှံများမှာကော်ဖီ၊ဝဥ၊ငရုတ်ကောင်း၊လိမ္မော်၊သံပုရာ၊ငှက်ပျော၊သရက်၊ပိန္နဲတို့ဖြစ်ပါသည်။လုပ်ငန်းဖြစ်ကျေးရွာသည်ပင်လယ်ရေမျက်နှာပြင်အထက်ပေ(၃၀၀၀)ခန့်တွင်တည်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေလုပ်ငန်းများအသင့်အတင့်ရှိပြီးတောင်ပေါ်ဒေသဖြစ်ကာမြေဆီအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင်သယံဇာတထွက်ရှိမှုမရှိပါ။လယ်စိုက်ပျိုးမြေ(၃.၀၀)ကေနှင့်ဥယျာဉ်ခြံမြေ(၆၅၁)ဧကရှိပါသည်။လယ်စိုက်ပျိုးရေးကိုစိမ့်စမ်းရေဖြင့်ရေသွင်းစိုက်ပျိုးလျှက်ရှိပြီးကျန်ဥယျာဉ်ခြံစိုက်ပျိုးခြင်းကိုမိုးရေဖြင့်စိုက်ပျိုးပါသည်။

## ၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၉၉) စုနှင့်ကျား၊မလူဦးရေပေါင်း(၉၀၄)ဦးရှိကာတစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၅)ဦးနှုန်းရှိပြီးနိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးဖြင့်ကိုက်ညီပါသည်။ကျေးရွာတွင်ချင်းလူမျိုးများသာနေထိုင်ကြပြီးအလုပ်လုပ်နိုင်သောအရွယ်သည်ကျေးရွာရှိလူဦးရေပေါင်း၏(၆၀.၈၄%)ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာလူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်(၄.၆၈%)ပိုများပါသည်။အမျိုးသမီး၊လူငယ်လူရွယ်များ၊သက်ကြီးပိုင်းတို့သည်လည်းတစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။အခြေခံကျန်းမာရေးစောင့်ရှောက်မှုကိုကျေးရွာတွင်ကျေးလက်ဆေးပေးခန်းရှိပြီးဆေးဝါးပစ္စည်းများလည်းလုံလောက်မှုရှိပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည်ဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှာသီးနှံထုတ်လုပ်ချိန်များဖြစ်သောအောက်တိုဘာလမှဖေဖော်ဝါရီလထိဝင်ငွေရရှိပြီးကျန်အချိန်များတွင်ဝင်ငွေရရှိမှုနည်းပါးပါသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်ချိန်တွင်အိမ်ထောင်စုအားလုံး၏(၅၀%)သည်ဆင်းရဲသောအဆင့်ဖြစ်ပြီး

(၂၀%)သည်အဆင်ပြေသောအဆင့်ဖြစ်ပြီး(၃၀%)သည်အလယ်အလတ်အဆင့်ဟုသတ်မှတ်ပါသည်။ ကျေးရွာတွင်လယ်ယာဥယျာဉ်ခြံမြေပိုင်ဆိုင်မှုလက်လှမ်းမီမှုတို့ကြောင့်ကျေးရွာစီးပွားရေးအနေအထားမှာအသင့်အတင့်ကောင်းမွန်သည်ဟုပြောနိုင်ပါသည်။ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင်တောင်ယာလယ်သမား၊အစိုးရဝန်ထမ်းများအချို့လည်းငွေရေးကြေးရေးအသင့်အတင့်အဆင်ပြေကြပါသည်။



ယင်းတို့အနက်ဆင်းရဲသားအဆင့်သည်မြေယာအနည်းငယ်ပိုင်ဆိုင်သောတောင်သူများ၊လက်လုပ်လက်စားများပါဝင်ပါသည်။ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းများမှာဥယျာဉ်ခြံမြေစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီးကျေးရွာ၏ဝင်ငွေသည်အသင့်အတင့်သာရှိပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင်ကိုယ်ပိုင်မြေပိုင်ဆိုင်ပြီးမိသားစုများသောကြောင့်ရာသီအလိုက်ဥယျာဉ်ခြံမြေလုပ်ငန်းနှင့်ကျပန်းအလုပ်များကိုလုပ်ကိုင်ကြပါသည်။သီးနှံကုန်ဆုံးချိန်တွင်နယ်ထွက်၍အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ကျေးရွာ၏ဆင်းရဲသောမိသားစုများမှာချေးငှား၍သီးနှံပေါ်ချိန်တွင်ပြန်လည်ပေးဆပ်ကြပါသည်။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ပြီးအာဟာရပြည့်ဝမှုရှိကြပါသည်။ကလေးအများစုမှာလည်းကျန်းမာကြပါသည်။သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါမှာနှစ်စဉ်ဖြစ်ပွားမှုအနည်းငယ်သာရှိကြပါသည်။

## (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင်ပညာရေးအဆင့်အတန်းသည်ပညာရေးအားပေးမှုအသင့်အတင့်ရှိကြောင်းတွေ့ရပါသည်။ရွာသားအများစုသည်အခြေခံပညာအဆင့်ရှိပြီးဘွဲ့ရအရေအတွက်နှင့်ဝန်ထမ်းအများစုမှာအနည်းငယ်ရှိသည်။အခြေခံပညာအထက်ကျောင်းခွဲတွင်တက်ရောက်သင်ကြားကြပါသည်။

သို့သော်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာနည်းပညာပိုင်ဆိုင်ကျွမ်းကျင်မှုနည်းပါးပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

## (စ) ကျား–မရေးရာကိစ္စ

ကျေးရွာတွင်ကျား–မရေးရာကိစ္စဆိုင်ရာအနေအထားမှာတန်းတူအခွင့်အရေးရှိပါသည်။ကျေးရွာ၏သာရေး၊နာရေးတာဝန်ယူမှုအပိုင်းတွင်လည်းမျှတစွာပါဝင်ပါသည်။ကျားနှင့်မအကြားဒုစရိုက်မှုနှင့်ခွဲခြားခြင်းကိစ္စများအနည်းငယ်ဖြစ်ပွားတတ်ပါသည်။

ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင်အခွင့်အရေးတူညီစွာရရှိပါသည်။ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင်မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည်ယောကျ်ားအရေအတွက်ထက်နည်း၍အလယ်တန်းတွင်လည်းနည်းပါးပြီးအ

ထက်တန်းပညာရေးတွင်လည်းမိန်းကလေးအရေအတွက်ကအနည်းငယ်သာပါသည်။အမျိုးသမီးများအတွက်ပညာရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့်ပျမ်းမျှအားဖြင့်အတူတူပင်ဖြစ်ပါသည်။

သို့သော်ကျေးရွာတွင်နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကပိုမိုရရှိကြသည်။ဥပမာအားဖြင့်လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှုတူညီသော်လည်းအမျိုးသမီးများသည်



အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြပါသည်။အုပ်ချုပ်မှုအပိုင်းတွင်ယောကျ်ားများနှင့်တန်းတူမပါဝင်သော်လည်းအမျိုးသမီးများနှင့်သက်ဆိုင်သောအုပ်ချုပ်မှုအပိုင်းတွင်ပါဝင်ကြသည်။ကျား-မတန်းတူညီမှုနှင့်ပတ်သက်၍အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းများဖြင့်ကျား-မတန်းတူညီမှုတို့အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်လူမှုရေးအဖွဲ့(၇)ဖွဲ့တို့ရှိပါသည်။ကျေးရွာလူငယ်အဖွဲ့မှလူမှုရေး၊ဘာသာရေးအဖွဲ့အစရှိသောရပ်ရွာလိုအပ်ချက်စသည့်လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီးလှုပ်ရှားဆောင်ရွက်မှုအသင့်အတင့်ရှိပါသည်။ကျောင်းသား/သူများကိုရံဖန်ရံခါဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့်ကိုယ်ခန္ဓာအာဟာရများရရှိရေးအတွက်ကူညီမှုများရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာရှိအဖွဲ့အစည်းများမှာ(၁)ဖွဲ့နှင့်(၁)ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှုအဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍အားနည်းကြပြီးအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရှိပါကဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။အမျိုးသမီးအချို့နှင့်လူငယ်အများစုသည်လည်းအမျိုးသမီးရေးရာအဖွဲ့ကဲ့သို့သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုမရှိသေးသဖြင့်အမျိုးသမီးတစ်ဦးချင်းဆီ၏အခွင့်အရေးနှင့်ဘေးကင်းလုံခြုံမှုမှာအနည်းငယ်အားနည်းနေပါသည်။

### (ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်ကော်ဖီကိုအဓိကထားစိုက်ပျိုးကြပါသည်။ကျေးရွာရှိဥယျာဉ်ခြံမြေကေများတွင်ကော်ဖီ၊ဝဥ၊ငရုပ်ကောင်း၊ငှက်ပျော၊သံပုရာ၊ဂေါ်ရခါးနှင့်လိမ္မော်တို့ကိုသီးညှပ်အနေဖြင့်စိုက်ပျိုးကြပါသည်။ပျမ်းမျှအထွက်နှုန်းမှာကော်ဖီ(၁)ကေလျှင် (၄၀)တင်း၊ဝဥ(၁)ကေလျှင် (၁၀၀၀)ပိဿာ၊ငရုပ်ကောင်း(၁)ကေလျှင် (၂၅)တင်း၊ငှက်ပျော(၁)ကေလျှင် (၄၀)ခိုင်၊သံပုရာ(၁)ကေလျှင် (၁၁၀၀၀)လုံး၊ဂေါ်ရခါး(၁)ကေလျှင် (၂၅၀၀)လုံးနှင့်လိမ္မော်သီး(၁)ကေလျှင် (၃၈၅၀၀)လုံးထွက်ရှိပါသည်။

ကျေးရွာရှိတောင်သူများတွင်စိုက်ပျိုးရေးသုံးကိရိယာများမှာမရှိသလောက်နည်းပါးပြီးအလုပ်သမားမလုံလောက်မှုပြဿနာများကြုံတွေ့ရပြီးလုပ်အားခပိုမိုပေး၍အလုပ်သမားများကိုငှားရမ်းရသည့်အတွက်ကုန်ကျစရိတ်မြင့်မားရပါသည်။အချို့တောင်သူများသည်တစ်နိုင်တစ်ပိုင်သာစိုက်ပျိုးနိုင်ကြပါသည်။တောင်သူများသည်မိုးရွာသွန်းမှုမညီညွတ်သဖြင့်စိုက်ခင်းများတွင်အဖျက်ပိုးများကျရောက်မှုကိုပိုမိုတွေ့ရသည်။နှစ်ရှည်သီးနှံများကိုစိုက်ပျိုးပြီးသော်လည်းအဖျက်ပိုးများသည်စိုက်ခင်းတိုင်းနီးပါးကျရောက်မှုကို

တွေ့ရှိရပါသည်။ထိုအဖျက်ပိုးများကိုနှိမ်နင်းနိုင်ရန်အတွက်ထိရောက်သောပိုးသတ်ဆေးများလိုအပ်နေပါသည်။

ကျေးရွာတွင်နွားမွေးမြူသည့်အိမ်ထောင်စုသည်(၂.၅%)ခန့်သာမွေးမြူကြပါသည်။ဝက်မွေးမြူသည့်အိမ်ထောင်စုမှာ(၈၀.၄၀%)သာရှိပြီးကြက်မွေးမြူရေးမှာ(၇၅.၃၇%)ခန့်သာမွေးမြူကြပါသည်။မွေးမြူခြင်းမှာတစ်ပိုင်တစ်နိုင်သာမွေးမြူကြခြင်းဖြစ်ပါသည်။အဓိကအားဖြင့်ဝက်များတွင်ဝက်နားရွက်ပြာရောဂါများကျရောက်တတ်ပြီး၊နွားများတွင်ခွာနာလျှာနာအနည်းငယ်ဖြစ်ပြီးနည်းပညာဝန်ဆောင်မှုများကိုမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှရရှိနိုင်သော်လည်းဝန်ထမ်း



မလုံလောက်မှုကြောင့်လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းပါသည်။ကျေးရွာရေမြေအနေအထားအဆင်မပြေမှုကြောင့်ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်သမားများ၊လက်သမားလုပ်ငန်း၊ယက္ကန်းရက်လုပ်ငန်း၊စက်ချုပ်လုပ်ငန်းနှင့်အစိုးရဝန်ထမ်းများဖြစ်ကြပါသည်။အခြားလုပ်ငန်းအများစုမှာကိုယ်ပိုင်လုပ်ငန်းအနည်းငယ်သာရှိပြီးဝင်ငွေရလုပ်ငန်းအနေဖြင့်အလုပ်များရှားပါး၍ပြည်တွင်းပြည်ပသို့သွားရောက်လုပ်ကိုင်နေကြသည့်အတွက်စိုက်ပျိုးရေးလုပ်ငန်းများတွင်လုပ်သားအင်အားရှားပါးလာပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

ကျေးရွာတွင်ကော်ဖီစိုက်ခင်းများ၌ဖျက်ပိုးနှင့်ရောဂါများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေးနိမ့်ကျလာနိုင်ပါသည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလတ်စတစ်အိတ်ခွံ၊ဘူးခွံ၊ပုလင်းခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေမှာ၁၀၀ိ/-လျှင်ပြား၇၀အတိုးဖြင့် (၈)လချေးယူကာ (၁)ဧကလျှင်၁၅၀၀၀၀ိ/-ဖြင့်အများဆုံး(၁၀)ဧကသတ်မှတ်ထုတ်ချေးပေးပါသည်။ထိုသို့ထုတ်ချေးပေးသော်လည်းတောင်သူများသည်လုပ်အားနှုန်းခဈေးမြင့်တက်လာသောကြောင့်တိုးမြှင့်ထုတ်ချေးပေးသင့်ပါကြောင်း၊ကျေးရွာသူ/သားအချို့တို့သည်ချေးငွေကိုအကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး၊လူမှုရေး)တို့အတွက်မျှတသုံးစွဲရန်ချေးယူကြပြီးခက်ခဲမှုမှာအသင့်အတင့်ရှိပါသည်။

### (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်နိုင်ငံတော်အစိုးရမှသတ်မှတ်ချထားပေးသောအ.ထ.က(ခွဲ)ကျောင်းတွင်ပညာသင်ကြားကြရပါသည်။ကျေးရွာရှိကျောင်း၏ရေိယာမှာ(၅)ဧကခန့်ရှိပြီးကျောင်း၏တည်ဆောက်မှုမှာသွပ်မိုး၊ပျဉ်ကာ၊ပျဉ်ခင်းမှုလတန်းဆောင်ဖြစ်ပြီး၊ကျန်အတန်းဆောင်များမှာအုတ်ကာ၊သွပ်မိုးများဖြစ်ကြသည်။ရွာ၏အနောက်ဘက်မင်းဘူး-

အမ်းကားလမ်းဘေးတွင်တည်ရှိပါသည်။ပရိဘောဂများနှင့်အားကစားပစ္စည်းများလုံလောက်မှုမရှိပါ။မူလတန်းကျောင်းသား/သူများအတွက်ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကိုနိုင်ငံတော်မှအခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ကာကွယ်ဆေးထိုးခြင်းနှင့်ရာသီအလိုက်အသက်အရွယ်အလိုက်ကာကွယ်ဆေးထိုးပေးခြင်း၊အာဟာရမှတ်တမ်းရယူမှုများပြုလုပ်ပေးပါသည်။ယင်လုံအိမ်သာသုံးစွဲခြင်းကြောင့်ကူးစက်ရောဂါများကင်းဝေးပါသည်။

သောက်သုံးရေအနေဖြင့်ကျေးရွာအတွင်းစိမ့်စမ်းရေမှသွယ်ယူထားသောရေလှောင်ကန်များမှသောက်သုံးရေလုံလောက်မှုရှိပါသည်။အ.ထ.က(ခွဲ)ကျောင်းတွင်လည်းရေသန့်စက်နှင့်ရေလှောင်ကန်ရှိပြီးယင်လုံအိမ်သာများကိုလည်းဆောက်လုပ်သုံးစွဲပါသည်။



### (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင်လူငယ်များသည်ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ပြီးဘာသာရေးပွဲများ၊နေ့ထူးနေ့မြတ်ရက်များတွင်အတီးအမှုတ်အကအခုန်များနှင့်စည်းလုံးညီညွတ်စွာပါဝင်ဆင်နွှဲကြပါသည်။ကျေးရွာအတွင်းလူကြီးလူငယ်ဗဟုသုတရရှိစေနိုင်ရန်စာကြည့်တိုက်ရှိသော်လည်းစာအုပ်လုံလောက်မှုမရှိပါ။

### (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာအတွင်းလမ်းများမှာမြေသားလမ်းများဖြစ်ပြီးမိုးရာသီတွင်သွားလာရေးအဆင်မပြေမှုများတွေ့ရှိရပါသည်။ရွာချင်းဆက်လမ်းများမှာလည်းကျောက်ရောမြေများဖြစ်၍ရာသီမရွေးသွားလာနိုင်ပါသည်။ယခုအခါချိုင့်ခွက်များဖြစ်ပေါ်နေ၍မိုးရာသီတွင်ရွှံ့အိုင်များဖြစ်ပေါ်ပြီးသွားလာရန်ခက်ခဲပါသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲလမ်းပန်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ်၊ကားများအားအသုံးပြုလျက်ရှိပါသည်။

ကျေးရွာတွင်လျှပ်စစ်မီးရရှိမှုအခြေအနေမှာအစိုးရလျှပ်စစ်မီးမရရှိသဖြင့်ဆိုလာမီး၊ဒီဇယ်သုံးအင်ဂျင်မီးနှင့်ဇီဝလောင်စာသုံးလျှပ်စစ်မီးတို့ဖြင့်ကိုယ်ထူကိုယ်ထအသုံးပြုရပါသည်။သတင်းနှင့်ဆက်သွယ်ရေးအတွက်ကျေးရွာအတွင်းဖုန်း၊ရေဒီယို၊တီဗွီ၊စလောင်းများအားအသုံးပြုလျက်ရှိပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်းရာဇဝတ်မှုများမရှိပါ။တည်ငြိမ်အေးချမ်းသောကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုအဆင်ပြေချောမွေ့ပါသည်။ပဒါန်း၊ငဖဲ၊မင်းဘူး၊မကွေး၊ရန်ကုန်၊ပြင်ဦးလွင်၊ရှမ်းပြည်နယ်ရွှာင်ံတို့နှင့်ဆက်သွယ်ရေးဆိုင်ရာလက်လှမ်းမီပါသည်။ကျေးရွာလူထုအခြေပြုသဘာဝဘေးအန္တရာယ်လျော့ချရေးသင်တန်းများပို့ချပေးကြောင်းတွေ့ရှိရပါသည်။လူကုန်ကူးမှု၊ခိုးမှုနှင့်မူးယစ်ဆေးသုံးစွဲမှုမှာလည်းမရှိသလောက်နည်းပါးပါသည်။

## ၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျွန်တော်တို့ကျေးရွာသည်စိုက်ပျိုးရေးကိုအခြေခံသောကျေးရွာဖြစ်ပြီးစိုက်ပျိုးရေကိုစိမ့်စမ်းရေမှရရှိပြီးအော်ဂဲနစ်၊ဓာတုပိုးသတ်ဆေးတို့စိုက်ပျိုးရေးဆေးဆိုင်တို့မှရရှိပြီးချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုမျ ားကိုမြန်မာ့စိုက်ပျိုးရေးဘဏ်မှရရှိပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်းစိုက်ပျိုးစရိတ်ချေးငွေများကိုအတိုးနှုန်းသက်သာစွာဖြင့်ထုတ်ချေးပေးလျှက်ရှိပါသည်။

၁၃

ကျေးရွာတွင်စားကျက်မြေရှားပါး၍မွေးမြူရေးလုပ်ငန်းအားတစ်ပိုင်တစ်နိုင်သာမွေးမြူကြပါသည်။စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့်လက်သမား၊ယက်ကန်း၊အပ်ချုပ်၊ကျပန်း၊အစိုးရဝန်ထမ်းလုပ်ကိုင်သူများလည်းရှိပါသည်။

လူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီးကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများကိုလည်းအလွယ်တကူလက်လှမ်းမီကြပါသည်။ကျေးရွာသူ/သားများအနေဖြင့်စိုးရိမ်ရသောဆေးဝါးကုသမှုများအတွက်ပဒါန်းတိုက်နယ်ဆေးရုံ၊ငဖဲမြို့နယ်ဆေးရုံ၊မင်းဘူးခရိုင်ဆေးရုံနှင့်မကွေးတိုင်းဆေးရုံများသို့သွားရောက်ပြီးကုသမှုများခံယူနေကြပါသည်။

**(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာတွင်လယ်ယာကိုင်းကျွန်းမြေများမှာမြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပအခြ ားသယံဇာတများမထွက်ရှိပါ။တောင်သူများစိုက်ပျိုးသည့်နှစ်ရှည်သီးနှံများတွင်ဖျက်ပိုးများကျရောက်တတ်ပါသည်။မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများရရှိသော်လည်းဖျက်ပိုးနှိမ်နင်းေ းနှင့်ပတ်သက်၍ထိရောက်စွာအကောင်အထည်ဖော်ပေးသောအစီအစဉ်မရှိသေးပါ။တောင်သူများအေ ြဖင့်ဘက်စုံပိုးမွှားနှိမ်နင်းရေးကျင့်သုံးနိုင်ရေးအတွက်အထောက်အပံ့များရရှိရန်လိုအပ်ပါသည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်တိုင်ပင်ညှိနှိုင်းပြီးကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

(က-၁)

ကျွန်ုပ်တို့ကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကိုစနစ်ကျသောနည်းပညာများဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်ရွာသူ/သားများ၏ဝင်ငွေများတိုးပွား၍စီးပွားရေးအခြေအနေများတိုးတက်စေရမည်။

(က-၂)

ကျွန်ုပ်တို့ကျေးရွာတွင်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့်ပညာရေး၊ကျန်းမာရေးတိုးတက်လာပြီးလူနေမှုအဆင့်မြင့်တက်လာစေရမည်။

(က-၃)

ကျွန်ုပ်တို့ကျေးရွာတွင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကျွမ်းကျင်တတ်မြောက်လာခြင်းအားဖြင့်အလုပ်အကိုင်အခွင့်အလမ်းများများပြားလာစေမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန်အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

(ခ-၁)

ကျေးရွာရှိဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်၍စိုက်ပျိုးရေး၊မွေးမြူရေးမှဝင်ငွေအမြတ်အစွန်းများရရှိအောင်မြင်လာစေရန်သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ဆောင်ရွက်မည်။စိုက်ပျိုးရေး



လုပ်ငန်းများအောင်မြင်လာစေရန်စိုက်ပျိုးရေးနည်းပညာများရရှိရေး၊မျိုးကောင်းမျိုးသန့်များအချိန်ကုန်ငွေကုန်သက်သာစွာရရှိရေး၊စိုက်ပျိုးရေများအချိန်မီလုံလောက်စွာရရှိရေးတို့အတွက်သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ-၂)

မွေးမြူရေးလုပ်ငန်းများမှတိရိစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး၊ရောဂါကင်းရှင်းစေရေးအတွက်တိ/မွေးကုဌာနတို့နှင့်ချိတ်ဆက်၍ပူးပေါင်းဆောင်ရွက်သွားမည်။

(ခ-၃)

စိုက်ပျိုးရေး၊မွေးမြူရေးများကိုသင့်တင့်သည့်အမြတ်အစွန်းရရှိစေရေးအတွက်စနစ်တကျမွေးမြူခြင်း၊စိုက်ပျိုးခြင်းများပြုလုပ်နိုင်ရန်နည်းပညာပေးသင်တန်းများတက်ရောက်နိုင်စေရေးသက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၄)

ကျောင်းမိဘဆရာအသင်းအဖွဲ့မှကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ကျောင်းနေအရွယ်ကျောင်းနေနိုင်ရေးအထောက်အပံ့များဆောင်ရွက်သွားမည်။

(ခ-၅)

ကျွန်တော်/မတို့ကျေးရွာတွင်ရာသီမရွေးသွားလာနိုင်သောလမ်းများဖြစ်လာစေရန်သက်ဆိုင်ရာဦးစီးဌာနများ၊ NGO အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၆)

ကျွန်တော်/မတို့ကျေးရွာတွင်အသက်မွေးဝမ်းကျောင်းသင်တန်းများရရှိရန်နှင့်တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများစတင်နိုင်ရန်အကူအညီပေးနိုင်မည့်ဌာန/အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

**၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်ဆင့်မှကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂတ်တွင်လည်းရေရှည်တည့်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) သီးနှံထုတ်လုပ်မှုတိုးတက်စေရန်စိုက်ပျိုးရေးနည်းပညာများရရှိစေရေး**

ကျေးရွာတွင်ကော်ဖီအပြင်ဝဥ၊ငရုပ်ကောင်း၊ငှက်ပျော၊သံပုရာ၊ဂေါ်ရခါးနှင့်လိမ္မော်စိုက်ပျိုးကြပါသည်။တောင်သူများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည်အဓိကအခက်အခဲဖြစ်ပြီးသီးနှံဖျက်ပိုးများကိုထိရောက်စွာကာကွယ်နှိမ်နင်းရေးအတွက်နည်းစနစ်ရရှိရေးလိုအပ်ပါသည်။ဖျက်ပိုးနှိမ်နင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှဝန်ဆောင်မှုများကိုရရှိနိုင်သော်လည်းစိုက်ပျိုးရေး



ထွက်ကုန်ပစ္စည်းများရောင်းချသည့်ပုဂ္ဂလိကအရောင်းဆိုင်များကိုမှီခိုအားထားမှုပိုများပြီးသီးနှံဖျက်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာတောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင်ထိရောက်သောပိုးမွှားနှိမ်နင်းရေးနည်းပညာရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနကဦးစီးဦးဆောင်ပြုသင့်ပါသည်။

**(ဂ) ကျေးရွာအဆင့်ဆိုင်ရာငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့်လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည်စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက်လုံလောက်သောချေးငွေလိုအပ်ပါသည်။ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်းရှိပါသည်။

**(ဃ) ကျေးလက်အဆင့်အသေးစားလုပ်ငန်းများဆိုင်ရာအကူအညီများရရှိရေး**

ကျေးရွာအတွင်းအသေးစားလုပ်ငန်းများလုပ်ကိုင်နိုင်သောအခွင့်အရေးရရှိပြီးအလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန်အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။သို့သော်ငင်းတို့တွင်လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက်အလက်များလက်လှမ်းမှီမှုတွင်အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများအတွက်လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကိုကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းရေးဆွဲရန်

မလွယ်ကူပါ။ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းများအတွက်လုပ်ငန်းသစ်များလည်းအဆင်သင့်မတွေ့ရသေးပါ။သက်ဆိုင်ရာအစိုးရဌာနများမှစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီးမြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးသင့်ပါသည်။မြို့နယ်မှလည်းကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**၈။စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်(၅)နှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက

(၅)နှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည် (၂)နှစ် (၃)နှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည်



ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ဘဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်(၅)နှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များဆိုင်ရာအချက်အလက်များကိုစိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classificational)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှု

ဆိုင်ရာငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classificational)–ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic Classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။အချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဦးစားပေးစီမံချက်လုပ်ငန်းများ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး | ၁။ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်း<br>၂။ကုန်ထုတ်လမ်းချဲ့ထွင် ခြင်း | ၉၅<br>၆၃ | ၁<br>၅ | * လွှတ်တော်ကိုယ်စားလှယ်များနှင့်သက် ဆိုင်ရာဌာနတို့ထံတွင်တင်ပြတောင်းခံ သွားမည်။<br>* ကျေးရွာကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဦးစီးဌာန၊နှင့်ပူးပေါင်း ဆောင်ရွက်မည့်အပြင် ကျေးရွာပြည်သူ လူထုနှင့်ညှိနှိုင်း၍ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| ရေရရှိရေး | ၃။သန့်ရှင်းသောသောက် သုံးရေသုံးစွဲရန်ရေကန် (၂)ကန်တည်ဆောက် ခြင်း | ၈၆ | ၂ | * လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင် ရာဌာနများထံ တင်ပြတောင်းခံ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီး ဆောင်ရွက်သွားမည်။ | |
| လူငယ်ဖွံ့ဖြိုးရေး | ၄။အားကစားကွင်း ကောင်းမွန်ရန်ပြုပြင် မွမ်းမံရေး<br>၅။လူငယ်အသင်းအဖွဲ့ဆိုင် ရာကိစ္စရပ်များဖွံ့ဖြိုး တိုးတက်ရေး | ၇၃<br>၄၇ | ၃<br>၈ | * ပြည်တွင်းပြည်ပအလှူရှင်များထံမှ အလှူငွေကောက်ခံ၍ မြေစာရင်း ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ကြီးကြပ်ဆောင်ရွက်သွားမည်။<br>* ရပ်မိရပ်ဖနှင့်အုပ်ချုပ်ရေးအဖွဲ့အစည်း များ၏ အကူအညီရယူ၍ လူငယ်မူဝါဒ ကိစ္စရပ်များ ပညာပေးခြင်း အသင်းအဖွဲ့ များဖွဲ့စည်း၍ဆောင်ရွက်သွားမည်။ | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျန်းမာရေး | ၆။ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက်သွားလာရေးအဆင်ပြေစေရန်လူနာတင်ယာဉ်ဝယ်ယူနိုင်ရေး။ | ၆၉ | ၄ | * ပြည်တွင်းပြည်ပအလှူရှင်များထံမှ အလှူငွေကောက်ခံ၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ရပ်မိရပ်ဖများနှင့် လူငယ်များ ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ကြီးကြပ်ဆောင်ရွက်သွားမည်။ | |
| | ၇။တိုက်နယ်ဆေးရုံအဆင့်မြှင့်တင်ရေး | ၅၈ | ၆ | * ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ရပ်မိရပ်ဖများမှတဆင့် ကျန်းမာရေးဌာနနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်။ | |
| ကျေးရွာအဆောက်အအုံ | ၈။စာကြည့်တိုက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး | ၅၂ | ၇ | * ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ရပ်မိရပ်ဖများနှင့် လူငယ်များ ပူပေါင်းဆောင်ရွက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်။ | |
| ပညာရေး | ၉။စာသင်ကျောင်းခြံစည်းရိုးအဆင့်မြှင့်တင်ခြင်း | ၄၃ | ၉ | * လွှတ်တော်ကိုယ်စားလှယ်များ၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှတဆင့် ပညာရေးဌနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်။ | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| အမျိုးသမီးလုံခြုံရေး | ၁၀။အမျိုးသမီးများလုံခြုံ ရေးနှင့်ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာကိစ္စရပ်များ ဖော်ဆောင်ရေး | ၃၇ | ၁၀ | * ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ရပ်မိရပ်ဖများနှင့် လူငယ်များ ပူပေါင်းဆောင်ရွက်ပြီး အမျိုးသမီးရေးရာအဖွဲ့ထံတင်ပြ၍ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းခြင်း၊ သင်တန်းများပေး၍ ဆောင်ရွက်သွားမည်။ | |

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကိုကွင်းဆင်းဆောင်ရွက်ချက်များအားအခြေခံ၍ရေးဆွဲထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | ၁ | - | - | | | |
| ၂ | သန့်ရှင်းသောသောက်သုံးရေသုံးစွဲရန်ကန်(၂)ကန်တည်ဆောက်ခြင်း | ၂ | | - | - | | |
| ၃ | အားကစားကွင်းကောင်းမွန်ရန်ပြုပြင်မွမ်းမံရေး | ၃ | | | - | - | |
| ၄ | ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက်သွားလာရေးအဆင်ပြေစေရန်လူနာတင်ယာဉ်ဝယ်ယူနိုင်ရေး။ | ၄ | | | - | - | |
| ၅ | ကုန်ထုတ်လမ်းချဲ့ထွင်ခြင်း | ၅ | | - | - | | |
| ၆ | တိုက်နယ်ဆေးရုံအဆင့်မြှင့်တင်ရေး | ၆ | | | | - | - |
| ၇ | စာကြည့်တိုက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး | ၇ | | | | - | - |
| ၈ | လူငယ်အသင်းအဖွဲ့ဆိုင်ရာကိစ္စရပ်များဖွံ့ဖြိုးတိုးတက်ရေး | ၈ | | | | | - |
| ၉ | စာသင်ကျောင်းခြံစည်းရိုးအဆင့်မြှင့်တင်ခြင်း | ၉ | | | - | - | - |
| ၁၀ | အမျိုးသမီးများလုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဖော်ဆောင်ရေး | ၁၀ | | - | - | - | - |

**၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျတ်ပမာဏများသည်ရည်ညွှန်းနမူနာ

(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်အချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်း များနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျက်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်

အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအသုံးစုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း | | | - | | |
| ၂ | သန့်ရှင်းသောသောက်သုံးရေသုံးစွဲရန်ရေကန်(၂)ကန်တည်ဆောက်ခြင်း | | | - | | |
| ၃ | အားကစားကွင်းကောင်းမွန်ရန်ပြုပြင်မွမ်းမံရေး | | | | | |
| ၄ | ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက်သွားလာရေးအဆင်ပြေစေရန်လူနာတင်ယာဉ်ဝယ်ယူနိုင်ရေး။ | | | | | - |
| ၅ | ကုန်ထုတ်လမ်းချဲ့ထွင်ခြင်း | | | - | | |
| ၆ | တိုက်နယ်ဆေးရုံအဆင့်မြှင့်တင်ရေး | | | - | | |
| ၇ | စာကြည့်တိုက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး | | | - | | |
| ၈ | လူငယ်အသင်းအဖွဲ့ဆိုင်ရာကိစ္စရပ်များဖွံ့ဖြိုးတိုးတက်ရေး | | | | | |
| ၉ | စာသင်ကျောင်းခြံစည်းရိုးအဆင့်မြှင့်တင်ခြင်း | | | - | | |

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁၀ | အမျိုးသမီးများလုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဖော်ဆောင်ရေး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ဥပမာ–
မိဘဆရာအသင်းသည်ကျေးရွာအ.ထ.က(ခွဲ)ကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် အ.ထ.က(ခွဲ)ပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၊ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ)

## ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့်လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင်စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့်လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက်မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ

အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။



## (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

### (ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည်စာမျက်နှာ၂မျက်နှာ၊၃မျက်နှာခန့်ပါဝင်၍အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/

